

ကော့ပနောကျေးရွာအုပ်စု၊ကော့ပနောကျေးရွာ

ကျိုက်မရောမြို့နယ်

မွန်ပြည်နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကော့ပနောကျေးရွာ၊ ကျိုက်မရောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ ——— ၆ ——— လ

Scanned by CamScanner

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကော့ပနောကျေးရွာ သယံဇာတပြမြေပုံ၊ ကျိုက်မရောမြို့နယ်	၅
	ရာသီခွင်ပြ ပြက္ခဒိန်	၆
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၁၀
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	ပညာရေး	၁၁
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၁၂
၈။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၃
၉။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၃
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၅
	နောက်ဆက်တွဲ(၄) ကျေးရွာ၏ ဦးစားပေးစီမံချက်(လုပ်ငန်း) အမှတ်ပေးဇယား	၁၈
	နောက်ဆက်တွဲ(၅)ကော့ပနောကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ	၆၀
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ ပုံစံ	၆၁

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

Scanned by CamScanner

အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မေလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝိန်းနဲကုန်းကျေးရွာ

ကျိုက်မရောမြို့နယ်

Scanned by CamScanner

ಅಭ್ಯರ್ಥಿಯ ಸಹಿ:

ಮೇಲ್ವಿಚಾರಕರ ಸಹಿ:

Scanned by CamScanner

Scanned by CamScanner

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကော့ပနောကျေးရွာသည် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကော့ပနော့ကျေးရွာအုပ်စုတွင် တည်ရှိပြီး အရှေ့ဘက်တွင် အံကရဲကျေးရွာ အနောက်ဘက်တွင် မယ်ကရိကျေးရွာ တောင်ဘက်တွင် ကော့ဝမ်းကျေးရွာ မြောက်ဘက်တွင် ကွမ်ငန်းကျေးရွာတို့ တည်ရှိပြီး မွန်လူမျိုးများနေထိုင်ကာ ဗုဒ္ဓဘာသာကိုးကွယ်သော ကျေးရွာဖြစ်သည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကော့ပနောကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်သော ရာသီဥတုဖြစ်သည်။ ဆန်စပါးနှင့် ရော်ဘာ အခြားသီးနှံများ စုစုပေါင်းစိုက်ပျိုးနိုင်သော မြေရိယာမှာ (၆၇) သာရှိပါသည်။ ဆန်စပါးကို အဓိကထား စိုက်ပျိုးပြီး ဥယျာဉ်ခြံမြေများတွင် ရာဘာများ စိုက်ပျိုးထားပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကော့ပနောကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေအရ အုပ်ချုပ်ရေး အဖွဲ့နှင့် လူငယ်အလင်းရောင်ပရဟိတအဖွဲ့တို့ရှိပြီး ကျေးရွာ၏ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုး ရေး ဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင် ကြပါသည်။ ကျေးရွာတွင် ငွေကြေးနှင့် လုံခြုံ ရေး၊ကာကွယ်ရေး ဆိုင်ရာအခက်အခဲများတွင် ကျေးရွာမှတက် အားသရွေ့စုပေါင်း ကူညီကြ ပါသည်။ကော့ပနောကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့ အစည်းများ မရှိပါ။

ကော့ပနောကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအား နည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့်လုပ်ငန်းများတွင် အမျိုးသမီးများ တက် ကြွစွာပါဝင် ဆောင်ရွက်နေကြပါသည်။ ကျေးရွာတွင် မိခင်နှင့်ကလေးစောင့်ရှောက်မှု အဖွဲ့တစ်ဖွဲ့ရှိပါသည်။

၄။ စီးပွားရေးနှင့် မွေးမြူမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကော့ပနောကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၁၂)စုရှိပြီး ၁၂.၅ ဧက အထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေ များမရှိပါ။ ကျေးရွာတွင် ရဲဆင်းသား တောင်သူ(၁၈) အိမ်ထောင်စု၊ တောင်သူငယ်(၁၅၄)အိမ်ထောင်စု၊ တောင်သူလတ်(၂၈၃)အိမ်ထောင်စု ရှိပါသည်။ ကော့ပနောကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေနှင့် နွေစပါးအား ချောင်း၊ ရေသွင်း

Scanned by CamScanner

မြောင်းများအား အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လယ်ဧကများသည် မိုးတွင်းအခါ တစ်ခါတစ်ရံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက စိုက်ပျိုးထား လယ်ကွင်းများရေမြှုပ်၍ လယ်သမား အနည်းငယ်အရှုံးပေါ်လေ့ရှိပါသည်။

ကော့ပနောကျေးရွာသည် ဆန်စပါးကိုသာ အဓိကထား စိုက်ပျိုးပါသည်။ စပါး အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေပေါ် မူတည်ပြီး အထွက်နှုန်းမှာ ပျှမ်းမျှအနေဖြင့် တစ်ဧကလျှင် (၂၅) တင်းခန့် ထွက်ရှိပါသည်။ ကော့ပနောကျေးရွာ၏ ရော်ဘာစိုက်ပျိုးရာတွင် စုစုပေါင်း စိုက်ဧက(၂၂)ဧက ရှိပြီး ပျှမ်းမျှ အနေဖြင့် တစ်ဧကလျှင် ၁၂ပေါင်နှုန်း ခန့်ထွက်ရှိ ပါသည်။ကော့ပနောကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ တစ်ဦးချင်း ပိုင် လက်တွန်းထွန်းစက်(၈)စီးရှိနှင့် ရေစုပ်စက်(၃၈)လုံးရှိပါသည်။ ကော့ပနောကျေးရွာတွင် ကျန်ရှိသော အိမ်ထောင်စု(၄၄)စုမှာ တစ်ဦးချင်းပိုင် ထွန်းစက်နှင့်လက်တွန်းထွန်းစက်များကို ငှားရမ်းလုပ်ကိုင်ကြပါသည်။ လယ်သမား အိမ်ထောင်စုအနည်းငယ်သာ ကိုယ်တိုင်ကိုယ်ကျ ထွန်ယက်၊ စိုက်ပျိုးကြပါသည်။အချို့ လူဖြင့် ရိတ်သိမ်းကြပြီး နွားများဖြင့် စပါးခွေကာ သဘာဝလေများဖြင့် စပါးလှေ့သည့်စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင် သည့် အိမ်ထောင်စု များလည်း ရှိပါသည်။

ကော့ပနောကျေးရွာတွင် သဘာဝရေမြေရာသီဥတု သင့်တင့်မျှတသဖြင့် သီးနှံ စိုက်ပျိုးရေးအတွက် အဆင်ပြေပြီး မိုးတွင်းစိုက်ပျိုးရာတွင် မိုးရေဖြင့်လည်းကောင်း၊ နွေစပါး စိုက်ပျိုးရာ တွင် ချောင်း၊မြောင်းရေတို့ဖြင့် အဓိကအားထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကော့ပနောကျေးရွာသည် မော်လမြိုင် မြို့နှင့်သွားလာရေး လွယ်ကူ သောကြောင့် စိုက်ပျိုးရေး မြေဩဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များ ကိုလည်း ကုန်သည်၊ ပွဲစားများနှင့် ဈေးတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။ သို့ရာတွင် ကျိုက်မရောမြို့တို့ သွားလာရာတွင် အထွဏ်မြစ်ကို ကျော်ဖြတ်ရသော ကြောင့် မော်လမြိုင်မြို့ထက်နီးသောလည်း ရေလမ်းစက်လှေဖြစ် သွားလာရသောကြောင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင် ရာတွင် အနည်းငယ် အခက်အခဲရှိပါသည်။

ကော့ပနောကျေးရွာအဓိက အခက်အခဲအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် လုပ်သားအင်အား ရှားပါးခြင်း အခက်အခဲကို ကြုံတွေ့နေရ ပါသည်။ စပါးစိုက်ပျိုးရာတွင် မိုးတွင်းအခါ ရေကြီးရေလျှံမှုနှင့်ဖျက်ပိုးရောဂါများရှိသဖြင့် ဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ လယ်ယာမြေများတွင် အထွက်နှုန်းနည်းပါးပြီး နည်းပညာအားနည်းသောကြောင့် စိုက်ပျိုး ရေးဆိုင်ရာ နည်းပညာများ လာရောက်ဝေမျှမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်း ကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

(ခ) မွေးမြူရေးလုပ်ငန်း

Scanned by CamScanner

ကော့ပနောကျေးရွာတွင် ၀က်၊ ကြက်နှင့် ဘဲမွေးမြူရေး တို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ကော့ပနောကျေးရွာသည် အထွဏ်မြစ်နှင့်နီးသောကြောင့် ကော့ပနောချောင်းနှင့် လယ်ကွင်း များရှိ ငါးကန်များတွင် ငါးမွေးမြူခြင်းနှင့် ငါးဖမ်းခြင်း လုပ်ငန်းအား ၀မ်းစားဖူလုံမှု လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကော့ပနောကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြသဖြင့် ရေနှင့်ပတ်သက်သော အခက်အခဲများ မရှိပါ။ကျေးရွာသည် ကျိုက်မရောမြို့နှင့် နီးသောကြောင့် မျိုးတိရိစ္ဆာန်ရှိမှု၊ အစာနှင့်ဆေးများကို အလွယ်တကူရနိုင်သည့်အပြင် တိရစ္ဆာန်များကိုလည်း အိမ်ခြံ၀င်းအတွင်း မြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့် မွေးနိုင်ခြင်းဖြစ်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် မိတ်ဆွေ၊ ဆွေမျိုးများတွင် ချေးငွေအသင့်အတင့် ရနိုင်ပါသည်။

ကော့ပနောကျေးရွာတွင် တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစား နိုင်သည့် စားကျက် မြေအနည်းငယ်သာရှိပါသည်။ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ၀န်ဆောင်မှုများ ရယူရန်အတွက် မွေး/ကု ဦးစီးဌာနသို့ သွားရောက်ဆက်သွယ်ပါက လာရောက်၍ တိရိစ္ဆာန်များအား ကာကွယ်ဆေးထိုးနှံခြင်း ရောဂါအခြေအနေအရ၀န်ဆောင်မှုပေးခြင်း မျိုးရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြား၀င်ငွေရ လုပ်ငန်းများ

ကော့ပနောကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေး၀မ်းကျောင်း ဆောင်ရွက်သူသည့် အိမ်ထောင်စုများသည် ပြည်ပသို့သွားရောက်လုပ်ကိုင်ကြရပါသည်။ ကော့ပနောကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေး ၀မ်းကျောင်းလုပ်ကိုင်နေကြသော မိသားစု၀င်များသည် အသက်မွေး၀မ်းကျောင်း နည်းပညာဆိုင်ရာ ပန်းရံ/ လက်သမား/စတီးသံပန်းလုပ်ကိုင်သော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် အိမ်ထောင်စု အနည်းငယ်မှာ မိမိတို့အသက်မွေး၀မ်းကျောင်းနှင့်ကိုက်ညီသည့် ကျေးရွာပြည်ပဖြစ်သော ကျိုက်မရောမြို့နှင့် တခြားကျေးရွာသို့ နေ့ချင်းပြန်ခရီးဖြစ်သွား ရောက်လုပ်ကိုင်ကြ ရပါသည်။

ကော့ပနောကျေးရွာတွင် ပြည်ပနိုင်ငံသွားရောက်လုပ်ကိုင်သည့် ကျား (၃၁၂)ဦး၊ မ(၃၁၈)ဦး စုစုပေါင်းလူဦးရေ(၆၃၀)ဦး သွားရောက်လုပ်ကိုင်နေရ ပါသည်။ ကော့ပနောကျေးရွာတွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်သော လူဦးရေမှာ ကျေးရွာ၏ သုံးပုံတစ်ပုံခန့်ရှိပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသား၊အမျိုးသမီးအများစုမှာ ပြည်ပသို့

Scanned by CamScanner

သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေအဖြင့် ထောက်ပံ့ပေးနေမှုများကို တွေ့မြင်ရပါသည်။ကျေးရွာတွင် မိသားစုများ ပြန်လည်မှီခိုရာတွင် ပြန်ပို့ငွေအား ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)ဖြင့်လည်းကောင်း၊ဘဏ်များဖြင့်လည်းကောင်း အိမ်ထောင်စု အနည်းငယ်မှာ လူကြုံဖြင့်လွှဲပို့ခြင်းဖြင့် လည်းကောင်း ပြန်ပို့ငွေအား မှီခိုအသုံးပြုကြပါသည်။

ကော့ပနောကျေးရွာတွင် ပြည်ပသို့သွားရောက် လုပ်ကိုင်ကြသောသူများသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန်အတွက် သွားရောက်ကြခြင်း ဖြစ်ပါသည်။ ထို့အတူ မိမိသက်ရောက်သောအသက်မွေးဝမ်းကျောင်း ပညာရပ်နှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ သွားရောက်လုပ်ကိုင်ကြခြင်းများလည်း ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကော့ပနောကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ ပရိဘောဂအသက်မွေးဝမ်း ကျောင်း လုပ်ကိုင်နေသူများနှင့် ကျပန်းလုပ်သားများသည် ချေးငွေဝန်ဆောင်မှုများအနေဖြင့် ကျေးရွာတွင် အိမ်ထောင်စုအနည်းငယ်မှာ အရေးပေါ် ငွေလိုအပ်မှုများ ဖြစ်လာပါက နီးစပ်ရာဆွေမျိုးများထံတွင် သွားရောက်၍ ကာလတို အတိုးမဲ့ချေးယူ အကူအညီတောင်းရပါသည်။ထိုကြောင့် ကော့ပနောကျေးရွာတွင် ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသော ကျေးရွာပြင်ပအဖွဲ့အစည်းနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ မရှိပါ။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကော့ပနောကျေးရွာတွင် ဆိုင်ကယ်(၅၅၁)၊ စက်ဘီးများ(၈၅၂)ကို ၊သုံးဘီးဆိုင်ကယ်(၁၃)စီး၊ ကား(၃၂)စီး၊ များဖြင့် သယ်ယူပို့ဆောင် ရေးလုပ်ငန်းအတွက် အသုံးပြုနေကြ ပါသည်။ကော့ပနောကျေးရွာ၏ ရွာတွင်းလမ်းမကြီးမှာ ကတ္တရာလမ်းဖြစ်ပြီး လမ်း သွယ်များမှာ ကွန်ကရစ်လမ်းများ ဖြစ်ပါသည်။ကျေးရွာ၏ လမ်းသွယ်တစ်လမ်းမှာ ဂံဝံမြေသား လမ်းဖြစ် သော ကြောင့် ကွန်ကရစ်လမ်းခင်းပေးရန်လိုအပ်ပါသည်။ ရွာချင်းဆက်လမ်းနှင့် ချဉ်းကပ်လမ်းမှာ ကတ္တရာ လမ်း များဖြစ်၍ တစ်နှစ်ပတ်လုံး သွားလာရလွယ်ကူပါသည်။

ကော့ပနောကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မရှိပါ။ တံတား တည်ဆောက်မှုအခြေအနေအရ ကျေးရွာတွင် အခက်အခဲမရှိပါ။ ကော့ပနောကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုပါ။ ကုန်းကြောင်းဖြင့်သာ သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်ကြပါသည်။ သို့ရာတွင် ကျိုက်မရောမြို့တို့ လာမည်

Scanned by CamScanner

ဆိုပါက စက်လှေဖြစ် ရေကြောင်းကို ခနတာ ကြော်ဖြတ်၍ သွားလာကြရပါ သည်။

(ခ) ကျေးရွာ မီးလင်းရေး

ကော့ပနောကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲကြ အိမ်ထောင် စု(၄၆၇)စုရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကော့ပနောကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ ရေဒီယို၊ တီဗွီ၊ဂြိုလ်တု စလောင်းစသည်တို့မှ ရရှိပါသည်။ ဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင် ဖုန်းတာဝါတိုင် တစ်ခုရှိပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်ဆိုင်ရာ ရယူသုံးစွဲမှု အခြေအနေတွင် အခက်အခဲမရှိပါ.

၆။ ပညာရေး

ကော့ပနောကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အို များ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၉၇၂)ဦး အထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၇၃)ဦး၊ အထက်တန်း အဆင့်စာတတ်မြောက်သူများမှာ (၇၁)ဦး နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၃၈) ဦး ရှိပါသည်။ကျေးရွာတွင် အထက်တန်းအဆင့် ရှိသော အတန်းပညာ ပြီးမြောက်သော လူငယ်အချို့မှာ မိသားစုစားဝတ်နေရေး အခြေအနေကြောင့် ပြည်ပသို့ သွားရောက် လုပ်ကိုင်ကြပါသည်။

ကော့ပနောကျေးရွာတွင် အထက်တန်းကျောင်း(၁)ကျောင်းရှိပါသည်။ ကျောင်း သား /ကျောင်းသူ များအနေဖြင့် အခြေခံပညာအထက်တန်းအထိပညာ သင်ကြားရာတွင် အခက်အခဲမရှိပါ။ သို့ရာတွင် ကျောင်းသား/သူ အနည်းငယ်မှာ အထက်တန်းပညာပြီး မြောက်ပါက ကောလိပ်/တက္ကသိုလ် သို့သွားရောက် ပညာသင်ကြားရာတွင် ငွေကြေးအနည်း ငယ် အခက်အခဲရှိပါသည်။ ကျေးရွာတွင် အထက်တန်းကျောင်းတွင် လက်ရှိကျောင်းတက် နှုန်း အခြေအနေအရ မူလတန်းကျား-၄၅၂ဦး /မ-၅၂၀ဦး ၊အလယ်တန်းအဆင့်တွင် ကျား-၈၂ဦး/မ-၉၁ဦး၊ အထက်တန်းအဆင့်တွင် ကျား-၁၃ဦး/မ-၂၈ဦး ကျောင်း သားဦးရေတို့သည် ကျေးရွာ လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသည်အတွက် စာမတတ်သူနည်းပါးပြီး ပညာရေး အနေဖြင့် အသင့်တင့်ရှိပါသည်။

ကော့ပနောကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး စာသင်ကြားရာတွင် ဆရာ (၂)ဦးနှင့် ဆရာမ(၂၂)ဦး စုစုပေါင်း ဆရာ/ဆရာမ (၂၄)ဦးရှိပါသည်။ ကော့ပနော ကျေးရွာ တွင် အထက်တန်းပညာရေးအခြေအနေတွင် အခက်အခဲမရှိပါ။ကျေးရွာတွင် ကျောင်းအား

Scanned by CamScanner

ကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု အားနည်းလျက်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကော့ပနောကျေးရွာတွင် ဝမ်းပျက်ဝမ်းလျောရောဂါ၊ သွေးလွန်တုပ်ကွေး ရောဂါနှင့် ငှက်ဖျားရောဂါများသည် မိုးရာသီတွင် အဖြစ်များသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက် ကုသကြသဖြင့် သက်သာပျောက်ကင်းကြပါသည်။ ကျေးရွာတွင် ရေးပေါ်အခြေအနေတွင် လူငယ်အလင်းရောင်ပရဟိတအဖွဲ့မှ အရေးပေါ်ကားဖြင့် လာရောက်ကူညီဆောင်ရွက်ပေးပါသည်။ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနမှ ခလေးငယ်များကို ကာကွယ်ဆေးများ နှစ်စဉ်လာရောက် တိုက်ကြွေးကြပါသည်။ ထိုအပြင်ကျေးရွာတွင် အဆုတ်ရောဂါခံစား နေရသောသူ အနည်း ငယ်ရှိပါသည်။ တစ်ခါ တစ်ရံကျန်းမာရေး ပညာပေးအစီအစဉ်များလည်း ရှိပါသည်။

ကော့ပနောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသည့် အပြင် ကျေးရွာပြင်ပမှလာရောက်ဖွင့်လှစ်ထားသည့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ဆေးကုသဆောင်ရှိသည့် အပြင် ဆေးဝါးအလုံအလောက် ရှိပါသည်။ ကျေးရွာသည် မော်လမြိုင်မြို့နှင့် ကျိုက်မရောမြို့မသို့ သွားလာရလွယ်ကူသောကြောင့် အရေးပေါ်အခြေအနေတွင် မော်လမြိုင်ဆေးရုံကြီးသို့ ပို့ဆောင်ပေး နိုင်ပါသဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပါ။

ကော့ပနောကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းကိုသာ အဓိကထား အသုံးပြုလျှက် ရှိပါသည်။ မိုးရာသီနှင့်ဆောင်းရာသီများတွင် သုံးစွဲရန်ရေလုံလောက်မှုရှိသောလည်း နွေရာသီ တွင် နှစ်စဉ်ရေရှားပါမှုနှင့် ကြုံတွေ့နေရပါသည်။ ကျေးရွာတွင် မိုးနှင့်ဆောင်း နှစ်ရာသီတွင် ရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင်မူ လုံလောက်မှုမရှိပါ။ ကော့ပနောကျေးရွာတွင် သန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု (၄၇၆)စုလုံး ကျန်းမာရေးအသိပညာရှိစွာ အသုံးပြုကြပါသည်။

ကျေးရွာဈေးတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအခြေအနေအရ အမှိုက်စွန့်ပစ်ရန် သီးသန့်နေရာသတ်မှတ်ထားခြင်းမရှိသော်လည်း ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုများအနေဖြင့် စွန့်ပစ်အမှိုက်များကို စနစ်တကျ စီမံခန့်ခွဲ၍ စွန့်ပစ်ကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကော့ပနောကျေးရွာတွင် သဘာဝဘေးအန္တရာယ် ဆိုးရွားသည့် အခြေအနေမျိုးမရှိပါ။ သို့ရာတွင် ကမ်းနားပိုင်တွင် နေထိုင်သော အိမ်ထောင်စုအနည်းငယ်သာ သဘာဝဘေး

Scanned by CamScanner

အန္တရာယ် အနေဖြင့် ရေကြီးရေလျှံဖြစ်ပေါ်ပါက အနည်းငယ်ထိခိုက်နိုင်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီ ရာသီပေါ် တုပ်ကွေး ဖျားနာခြင်း၊ ငှက်ဖျားရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားခြင်း အနည်းငယ် ရှိပါသည်။ ကျေးရွာသူ/သားများ သည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်း ပဋိပက္ခများ မရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွား လေ့ရှိပြီး ကြက်နာ ရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

ကော့ပနောကျေးရွာတွင် ပြည်ပမှပြန်လာ၍ လုပ်ကိုင်ရှာဖွေ၍ စားသောက်ကြသော အိမ်ထောင်စုအနည်းငယ်မှာ စီးပွားရေးအနေဖြင့် ထိခိုက်သက်ရောက် လွယ်မှုမှာနိမ့်လျက်ရှိပါသည်။ ကမ်းနားဘေးတွင် နေထိုင်သော အိမ်ထောင်စုအနည်းငယ်သည် သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်ပါက ထိခိုက်သက်ရောက်မှုမှာ နိမ့်လျက်အဆင့်ရှိပါသည်။ ကော့ပနောကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

ကော့ပနောကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။ ကျောက်၊ သဲ၊ ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း ဇာသပြင်တံတားနှင့် အထွဏ်တံတားအား ဖြတ်ကျော်၍ မော်လမြိုင်မြို့ပေါ်မှ အလွယ်တကူ ဝယ်ယူရရှိအသုံးချနိုင်ပါသည်။ ကော့ပနောကျေးရွာတွင် ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုး စိတ်များ ရှားပါးပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကော့ပနောကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြပါသည်။ ကျေးရွာတွင် မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့တစ်ဖွဲ့ရှိပါသည်။ကျေးရွာတွင် အမျိုးသမီးများ အနေဖြင့် အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ ဆိုင်ရာအခြေခံသဘောတရားများကို သိရှိကြပါသည်။

ကော့ပနောကျေးရွာတွင် လူငယ်များ/အမျိုးသမီးများအနေဖြင့် လူမှုရေး လုပ်ငန်းများတွင် ပါဝင်မှုနှင့် ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု နှင့်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်ပါဝင်မှုများတွင် လူပ်ရှားမှုတွင်တက်တက်ကြွကြွပါဝင်လူပ်ရှားကြပါသည်။

Scanned by CamScanner

ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ကော့ပနော			ကျေးရွာအမည် - ကော့ပဒေါ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ကျေးရွာအဝင်လမ်း (၅၃၀'x၁၂'x၆") အား ကွန်ကရစ်ခင်းခြင်း လုပ်ငန်း	
၂။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ကတ္တရာထပ်ပိုးလွှာခင်း ခြင်းလုပ်ငန်း	
၃။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	နီဗွာန်လမ်းကွန်ကရစ်ခင်း ခြင်းလုပ်ငန်း	
၄။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ရှင်စောပု(၁)လမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း	

Scanned by CamScanner

ကျေးရွာအုပ်စုအမည် - ကော့ပရော			ကျေးရွာအမည် - ကော့ပရော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	သမဝိမလ လမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း	
၆။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ရာဇာမိရာဖိ(၁)လမ်း ကွန်ကရစ်လမ်းခင်းခြင်း	

Scanned by CamScanner

နောက်ဆက်တွဲ(၁) ကော့ပနော ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဒေါ်နီနီအောင်	ဦးမောင်ခင်	၁၀/ကမရ(နိုင်)၀၇၁၉၇၇	၃၃	နာယက	၀၉-၉၅၄၀၅၀၆၆၂
၂	ဦးမြင့်ဦး	ဦးဂျပန်	၁၀/ကမရ(နိုင်)၀၇၈၇၁၉	၄၃	ဥက္ကဋ္ဌ	၀၉-၄၀၀၈၀၀၁၈၁
၃	ဦးခင်မောင်လေး	ဦးစောနိုင်း	၁၀/ကမရ(နိုင်)၀၁၈၈၉၉	၅၂	ဘဏ္ဍာရေးမှူး	၀၉-
၄	ဦးကျော်တင့်	ဦးထွေး	၁၀/ကမရ(နိုင်)၀၁၈၈၇၆	၄၈	စာရင်းကိုင်	၀၉-
၅	ဦးအောင်သောင်း	ဦးအောင်ကြည်	၁၀/ကမရ(နိုင်)၀၁၈၈၉၆	၅၃	အဖွဲ့ဝင်	၀၉-
၆	ဦးသာအောင်	ဦးဂျဲ	၁၀/ကမရ(နိုင်)၀၄၄၃၄၈	၄၈	အဖွဲ့ဝင်	၀၉-
၇	ဦးထိန်းဝင်း	ဦးလှအေး	၁၀/ကမရ(နိုင်)၁၆၁၆၃၀	၅၂	အဖွဲ့ဝင်	၀၉-
၈						
၉						
၁၀						
၁၁						

Scanned by CamScanner

နောက်ဆက်တွဲ(၁) ကော့ပနောကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၈	၁၃	၂၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၂၂	၁၃၁	၂၅၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၈၁	၁၈၈	၃၆၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၀၅	၂၀၇	၄၁၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၇၁၆	၈၁၂	၁၅၂၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃၅၈	၃၆၈	၇၂၆
စုစုပေါင်း		၁၅၉၂	၁၇၁၉	၃၃၁၁
စုစုပေါင်း အိမ်ထောင်စု		၄၆၇		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် အိမ်ထောင်စု (၄၆၇) စု၊ လူဦးရေ (၃၃၁၁) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂၃)ဦး၊ ၅ နှစ်အောက် ကလေးအရွယ် (၂၅၃)ဦး ၊ မူလတန်းကျောင်းသားအရွယ် (၃၆၉)ဦး ၊ အလယ်တန်း ကျောင်းသား အရွယ် (၄၁၂)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၁၅၂၈)ဦး၊ သက်ကြီးရွယ်ကြီးအရွယ် (၇၂၆)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေ(၁၇၈၃)သည် တစ်ရွာလုံးရှိ လူဦးရေ (၃၃၁၁)ဦး နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၇၁၆) ဦး၊ မ (၈၁၂) ဦး စုစုပေါင်း (၁၅၂၈) ဦး ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၅၂	၂၀၈	-	မြင့် □ လတ် ☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ် □ နိမ့် □
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၃၈	၁၆၈	–	မြင့် □ လတ် □ နိမ့် ☑

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ကာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၂	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၆၉	၇၈	–	မြင့် □လတ် ☑နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
နိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	၃	၅	–	မြင့် ☑လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂၈	၁၀၂	–	မြင့် ☑လတ် □နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၅၂	၈၄	–	မြင့် ☑လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁၃၂	၂၆၄	–	မြင့် □လတ် □နိမ့် ☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၃၂	၃၈	–	မြင့် □လတ် □နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၁	လက်လီ-လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁၈	၃၄	–	မြင့် □လတ် ☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □ နိမ့် □
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၁၈	၃၆	–	မြင့် ☑လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	–	မြင □လတ် □နိမ့် □

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	–	မြင့် □လတ် □ နိမ့် □
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၈	၁၈	–	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	၂၅	၅၅	–	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	–	မြင့် □လတ် □နိမ့် □
	စုစုပေါင်း	၄၆၇	၁၀၂၈	၇၀	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ

Scanned by CamScanner

၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စု(၁၈)စု ရှိပါသည်။ လက်သမား၊ ပန်းရံ လုပ်ကိုင်သည့် အိမ်ထောင်စု (၁၈၄)စုရှိပါသည်။ ကျေးရွာတွင် ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာ များပြားလှပါသည်။ အခြားအသက် မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု(၃၂)စုရှိသောပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေ များပြားပါသည်။ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိသော်လည်း မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်သည့် အိမ်ထောင်စု(၃၈)စုတို့သည် တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ လုပ်ကိုင် ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၇၀၀၀	၆၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၉၀၀၀	၇၅၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	–	–	–	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်း

Scanned by CamScanner

ကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ပင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ် နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာကိုသာစိုက်ပျိုးကြပြီး လက်မှုပညာများဖြစ်သည့် ပရိဘောဂပစ္စည်းများ ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်သောလုပ်ငန်းရှင်များ အနည်းငယ်ရှိပါသည်။ နေ့စား အလုပ်သမားများ၏ လုပ်အားခမှာ ကျား/၁၂၀၀၀ မ/၉၀၀၀ နှုန်း ရရှိပါသည်။ထိုပြင် ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိ သောကြောင့် လုပ်အားခ ပမာဏကို မသိရှိရပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈၂၆.၀၅	ကောင်း ☐	သင ☑	ည့ံ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့် ☐	ည့ံ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့် ☐	ည့ံ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့် ☐	ည့ံ ☐
ခရိတောမြေ	-	ကောင်း ☐	သင့် ☐	ည့ံ ☐
စားကျက်မြေ	-	ကောင်း ☐	သင့် ☐	ည့ံ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့် ☐	ည့ံ ☐
စုစုပေါင်း	၈၂၆.၀၅	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် လယ်မြေ (၈၂၆.၀၅)) ဧကနှင့် လယ်မြေများသည် မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ဥယျာဉ်ခြံမြေများတွင် ကြက်မောက် ပင်၊ ကျဲကောပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐

Scanned by CamScanner

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာကိစ္စကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာကိစ္စကိုသာ ရွေးရန်)
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်ထောက်ဦးစီးဌာန၊ အရွာအရွာအုပ်ချုပ်ရေး ဦးစီးဌာန၊ လေ့လာတွေ့ရှိချက်။ ။ကျောက်၊ သဲ၊ ကျောက်စရစ်များသည် ကျေးရွာ၏ အနီးပတ်ဝန်းကျင် တွင် မရှိသော်လည်း ဈေးသည်များနှင့် အတွေ့ရဆုံတတ်သောအား ဖြင့်ကျော်၍ မော်လမြိုင်မြို့မှ အလွယ်တကူ ဝယ်ယူရရှိ အသုံးချနိုင်ပါသည်။ ကော့ပနောကျေးရွာတွင် အေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုး စိတ်များ ရှားပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧက	၅ဧက	၁ဧက	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	၂ထပ်တိုက်အိမ်	ပျဉ်ထောင်/သွပ်မိုး	ဝါးခရဲ/သွပ်မိုး	ဝါးခရဲ/ဖက်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား	သုံးဘီးဆိုင်ကယ်	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	လယ်/ပြည်ပ	လယ်/ပြည်ပ	လယ်	နေ့စား/ကျပန်း
အိမ်ထောင်စု	၂၈၃	၁၅၄	၁၈	၁၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကော့ပနောကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၂၈၃)စုရှိပြီး အဓိက အနေဖြင့် ကုန်သည်များဖြစ်သည်။ ကော့ပနောကျေးရွာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၅၄)စု တို့သည် ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ပြည်ပနိုင်ငံသို့ သွားရောက်၍ အသက် မွေးဝမ်းကျောင်းနှင့် ကိုက်ညီသော လုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ၊အဆင်မပြေသောအိမ်ထောင်စု(၁၈)စုများသည် ဈေးဆိုင်နှင့် ဆိုင်ကယ်Taxiများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အလွန်မပြေလည်သော အိမ် ထောင်စု များသည် နေ့စားကျပန်းများဖြစ်ပြီးစသည့် ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေး လုပ်ငန်း လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာမှီလုံမှု

ဇယား (၇) ဈေးဝှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

Scanned by CamScanner

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	–	-	–
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	–		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	–		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	–		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲ သည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ပိုင်းဝန်းကူညီကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

Scanned by CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် သဘာဝဘေးအန္တရာယ် ဆိုးရွားသည့် အခြေအနေမျိုးမရှိပါ။ သို့ရာတွင် ကမ်းနားပိုင်တွင် နေထိုင်သော အိမ်ထောင်စုအနည်းငယ်သာ သဘာဝဘေးအန္တရာယ် အနေဖြင့် ရေကြီးရေလျှံဖြစ်ပေါ်ပါက အနည်းငယ်ထိခိုက်နိုင်ပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီ ရာသီပေါ် တုပ်ကွေး ဖျားနာခြင်း၊ ငှက်ဖျားရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားခြင်း အနည်းငယ် ရှိပါသည်။ ကျေးရွာသူ/သားများ သည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်း ပဋိပက္ခများ မရှိပါ။ ရာသီ ကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွား လေ့ရှိပြီး ကြက်နာ ရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ ☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐

Scanned by CamScanner

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ: (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ:	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ:	မြင့် ☑ လတ် ☐ နိမ့်☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ:	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ:	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ:	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကော့ပနောကျေးရွာတွင် ပြည်ပမှပြန်လာ၍ လုပ်ကိုင်ရှာဖွေ၍ စားသောက်ကြသော အိမ်ထောင်စုအနည်းငယ်မှာ စီးပွားရေးအနေဖြင့် ထိခိုက်သက်ရောက် လွယ်မှုမှာနိမ့်လျက်ရှိပါသည်။ ကမ်းနားဘေးတွင် နေထိုင်သော အိမ်ထောင်စုအနည်းငယ်သည် သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်ပါက ထိခိုက်သက်ရောက်မှုမှာ နိမ့်လျက်အဆင့်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား:	မ	ပေါင်း		
၁	အုပ်ချုပ်ရေး:	၁☐ ၂☑ ၃☐	၈	၁	၉	ပညာရေး ☑ ကွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး	ကောင်း: ☑ သင့် ☐ ညံ့ ☐

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	
၂	လူငယ် အလင်းရောင် ပရဟိတ အဖွဲ့	၁☐ ၂☑ ၃☐	၃၀	၂၂	၅၂	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃		၁☐ ၂☐ ၃☐	-	-	-	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁☐ ၂☐ ၃☐	-	-	-	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အလင်းရောင်ပရဟိတ

Scanned by CamScanner

အဖွဲ့တို့ရှိပြီး ကျေးရွာ၏ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင် ကြပါသည်။ ကျေးရွာတွင် ငွေကြေးနှင့် လုံခြုံရေး၊ကာကွယ်ရေး ဆိုင်ရာအခက်အခဲများတွင် ကျေးရွာမှ တက် အားသရွေ့ စုပေါင်းကူညီကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) **ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့ အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား:	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၅၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၈၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:		၄၆၇	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၁၂)စုရှိပြီး ၁၂.၅ ဧက အထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေ များမရှိပါ။ ကျေးရွာတွင် ရဲဆင်းသား တောင်သူ(၁၈)အိမ်ထောင်စု၊ တောင်သူငယ်(၁၅၄)အိမ်ထောင်စု၊တောင်သူလတ်(၂၈၃)အိမ်ထောင်စု ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး: ☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး:☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း:	-	တစ်နှစ်ပတ်လုံး:☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း:	✓	တစ်နှစ်ပတ်လုံး:☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၅	အဝိစိတွင်း:	✓	တစ်နှစ်ပတ်လုံး:☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

Scanned by CamScanner

စဉ်	အရင်းအမြစ်	ရေသောက် (စက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်း ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ	✓	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကော့ပနောကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေနှင့် နွေစပါးအား ချောင်း၊ ရေသွင်းမြောင်းများအား အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လယ်စကများသည် မိုးတွင်းအခါ တစ်ခါတစ်ရံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက စိုက်ပျိုးထား လယ်ကွင်းများရေမြှုပ်၍ လယ်သမား အနည်းငယ်အရှုံးပေါ်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်စက	တစ်စက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၄၅	တင်း	၂၀	၃၀	၂၅	ဝါဆို	သီတင်းကျွတ်	မြင့်☑ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
ရာဘာ	၂၂	ပေါင်	၁၀	၁၅	၁၂	သီတင်းကျွတ်	တန်းခူး	မြင့်☑ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာသည် ဆန်စပါးကိုသာ အဓိကထား စိုက်ပျိုးပါသည်။ စပါးအထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေပေါ် မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်စကလျှင် (၂၅) တင်းခန့် ထွက်ရှိပါသည်။ ကော့ပနောကျေးရွာ၏ ရော်ဘာစိုက်ပျိုးရာတွင် စုစုပေါင်းစိုက်စက(၂၂)စက ရှိပြီး ပျမ်းမျှ အနေဖြင့် တစ်စကလျှင် ၁၂ပေါင်နှုန်း ခန့်ထွက်ရှိသည်ကို လေ့လာတွေ့ရှိရ

Scanned by CamScanner

ပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	-	-	-	၄၄
လက်တွန်းထွန်စက်	၈	-	-	၄၄
အစေ့ချ ကိရိယာ	-	-	-	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	-	–	–	–
ရေစုပ်စက်	၃၈	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	–	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ တစ်ဦးချင်းပိုင် လက်တွန်းထွန်းစက်(၈)စီးရှိနှင့် ရေစုပ်စက်(၃၈)လုံးရှိပါသည်။ ကော့ပနောကျေးရွာတွင် ကျန်ရှိသော အိမ်ထောင်စု(၄၄)စုမှာ တစ်ဦးချင်းပိုင် ထွန်းစက်နှင့်လက်တွန်းထွန်းစက်များကို ငှားရမ်းလုပ်ကိုင်ကြပါသည်။ လယ်သမား အိမ်ထောင်စုအနည်းငယ်သာ ကိုယ်တိုင်ကိုယ်ကျ ထွန်ယက်၊ စိုက်ပျိုးကြပါသည်။အချို့ လူဖြင့် ရိတ်သိမ်းကြပြီး နွားများဖြင့် စပါးခွေကာ သဘာဝလေများဖြင့် စပါးလှေ့သည့်စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု များလည်း ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐

Scanned by CamScanner

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဥပမာ- ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
အခြား ဓာတုဗေဒ သွင်းအားစုများ	မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် သဘာဝရေမြေရာသီဥတု သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေးအတွက် အဆင်ပြေပြီး မိုးတွင်းစိုက်ပျိုးရာတွင် မိုးရေဖြင့်လည်းကောင်း၊ နွေစပါး စိုက်ပျိုးရာ တွင် ချောင်း၊မြောင်းရေတို့ဖြင့် အဓိကအားထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ကော့ပနောကျေးရွာသည် မော်လမြိုင် မြို့နှင့်သွားလာရေး လွယ်ကူ သောကြောင့် စိုက်ပျိုးရေး မြေဩဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များကိုလည်း ကုန်သည်၊ ပွဲစားများနှင့် ဈေးတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။ သို့ရာတွင် ကျိုက်မရောမြို့တို့ သွားလာရာတွင် အထွန်ရံမြစ်ကို ကျော်ဖြတ်ရသော ကြောင့် မော်လမြိုင်မြို့ထက်နီးသောလည်း ရေလမ်းစက်လှေဖြစ် သွားလာရသောကြောင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင် ရာတွင် အနည်းငယ် အခက်အခဲရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဥပမာ- ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☑
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑

Scanned by CamScanner

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဥပမာ- ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☑
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☑ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကော့ပနောကျေးရွာတွင် ကျပန်းလုပ်ကိုင်နေသည့် အိမ်ထောင်စုများပြားသော်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာ အားနည်းသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေ များပြားပါသည်။ ထို့ကြောင့် လုပ်သားအင်အား ရှားပါးခြင်း အခက်အခဲကို ကြုံတွေ့နေရ ပါသည်။ စပါးစိုက်ပျိုးရာတွင် မိုးတွင်းအခါ ရေကြီးရေလျှံမှုနှင့်ဖျက်ပိုးရောဂါများရှိသဖြင့် ဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ လယ်ယာမြေများတွင် အထွက်နှုန်းနည်းပါးပြီး နည်းပညာအားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ လာရောက်ဝေမျှမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

